SEAFARERS' RIGHTS

international centre for advancing the legal protection of seafarers

SEAFARER FACT FILE

# သင်္ဘောသားများအတွက်

ရှေ့နေများ ငှားရမ်းအသုံးပြုခြင်းဆိုင်ရာ

## အကြောင်းအရာ အချက်အလက်ဖိုင်တွဲများ

သင်္ဘောသားတစ်ဦးအနေဖြင့် သင်အလုပ်ထမ်းဆောင်စဉ် ကာလအတွင်း ဥပဒေဆိုင်ရာပြဿနာနှင့်ရင်ဆိုင်ရပါလျှင် ရှေ့နေတစ်ဦးနှင့် ဆွေးနွေးတိုင်ပင်ဖို့ လိုအပ်ကောင်း လိုအပ်လာနိုင်ပါသည်။

သင်အလုပ်တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပေါ်ပေါက်လာနိုင်သည့် ဥပဒေဆိုင်ရာ ပြဿနာများအား တရားဥပဒေအရ ရင်ဆိုင်ဖို့ လိုအပ်ကောင်းလိုအပ်လာနိုင်သလို မလိုအပ်သည့်အခါလဲ ရှိနိုင်ပါသည်။ အချို့ပြဿနာများသည် အမျိုးအစားအရ ဥပဒေနှင့်ညီညွတ်ပြီး ဥပဒေအားဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း ရှိလျက်ပင် အခြားနည်းလမ်းများဖြင့် ဖြေရှင်းခြင်းမှာ ပိုမိုသင့်တော်ပြီး ပိုမိုခရီးရောက်နိုင်ပါသည်။ ထိုနည်းလမ်းများတွင် အလံနှင့်/သို့မဟုတ် ဆိပ်ကမ်းအစိုးရ စီမံအုပ်ချုပ်ရေးတို့ ပါဝင်ပတ်သက်ခြင်း၊ သက်သာချောင်ချိရေး အဖွဲ့အစည်းများမှပေးသော ဝန်ဆောင်မှုများကို အသုံးပြုခြင်းနှင့် သင့်လျော်သည့် အလုပ်သမားသမဂ္ဂအဖွဲ့များ ပါဝင်ပတ်သက်ခြင်းစသည်ဖြင့် သင့်အလုပ်ရှင်မှ သတ်မှတ်ပြဋ္ဌာန်းထားသော သို့မဟုတ် သင့်အတွက်အလုပ်ခန့်ခြင်းသဘောတူညီချက်စာချုပ် တွင်ပါဝင်သော လုပ်ထုံးလုပ်နည်းများအား အသုံးပြုခြင်းတို့ ပါဝင်နိုင်ပါသည်။

သို့သော်လည်းသင့်ပြဿနာကို ဖြေရှင်းပေးရန် အခြားနည်းလမ်းများက သင့်အားပင်ပန်းနွမ်းနယ်စေပါလျှင်၊ သို့မဟုတ် ထိုနည်းလမ်းများက သင့်လျော်ခြင်းမရှိပါလျှင်၊ သို့မဟုတ် အခြေအနေများကြောင့် ဖြစ်ပေါ်လာသော ပြဿနာသည် ပိုမိုလက်ငင်းကျသည့် ဥပဒေဆိုင်ရာ အကူအညီများလိုအပ်လျက်ရှိပါလျှင်၊ ရှေ့နေတစ်ဦးအား ရှာဖွေပုံနှင့် ရှေ့နေအား မည်ကဲ့သို့ ညွှန်ကြားရပုံတို့ကို သင်လုပ်ဆောင်နိုင်ရန် ဤ သင်္ဘောသားများအတွက် ရှေ့နေများ ငှားရမ်းအသုံးပြုခြင်းဆိုင်ရာ အကြောင်းအရာ အချက်အလက်ဖိုင်တွဲများက လက်တွေ့ကျသော လမ်းညွှန်ချက်များ သင့်အားပေးနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဥပဒေဆိုင်ရာ အကြံဉာဏ်များအတွက် ဝန်ဆောင်ခများကို မည်ကဲ့သို့ညှိနှိုင်းရမည် သို့မဟုတ် အခမဲ့ဥပဒေဆိုင်ရာ အကြံဉာဏ်များကို မည်ကဲ့သို့ ရှာဖွေရမည် ဆိုသည့်အချက်များကိုလည်း ရှင်းပြပေးထားပါသည်။

အချို့သောနိုင်ငံများအတွက် ရှေ့နေများအသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို သင်္ဘောသားများ၏ အပြည်ပြည်ဆိုင်ရာ အခွင့်အရေးများ (SRI) ဝက်ဘ်ဆိုဒ် www.seafarersrights.org တွင်ကြည့်ပါ။

ဤအချက်အလက်များသည် ရှေ့နေများအသုံးပြုခြင်းအတွက် သီးသန့်လမ်းညွှန်မရှိသည့် အချို့သောနိုင်ငံများတွင် အသုံးပြုနိုင်သော ယေဘုယျလမ်းညွှန်ဖြစ်ပါသည်။

ကမ္ဘာတလွှားတွင် ရှေ့နေများကို အမည်အမျိုးမျိုးဖြင့် ခေါ်ကြပါသည်။ ယင်းအမည်များတွင် 'အက်ဒ်ဗိုကိတ်ခေါ် ထောက်ခံသူ'၊ 'ဥပဒေရေးရာ အတိုင်ပင်ခံပုဂ္ဂိုလ်'၊ 'အကျိုးဆောင်ကိုယ်စားလှယ်'၊ 'ဘာရစ္စတာခေါ် ဝတ်လုံတော်ရ ရှေ့နေ'၊ 'တရားရုံးရှေ့နေ'၊ 'ဥပဒေအကျိုးဆောင်'၊ သို့မဟုတ် ရိုးရိုး'ရှေ့နေ'ဟူသော အမည်များ ပါဝင်ကြပါသည်။

## ရှေ့နေငှားရမ်းခြင်း

သင့်မှာဥပဒေဆိုင်ရာပြဿနာတစ်ခုရှိပါက၊ သင်ဆုံးဖြတ်ရမည့် ပထမမေးခွန်းမှာ မည်သည့်နိုင်ငံတွင် ရှေ့နေကိုသုံးဖို့ လိုအပ်ပါသနည်း ဆိုသည့် မေးခွန်းဖြစ်ပါသည်။ ယင်းသည် ဥပဒေဆိုင်ရာပြဿနာ၏ အမျိုးအစား အတိအကျပေါ်တွင် မူတည် ပါသည်။

### ဥပဒေပြဿနာဆိုင်ရာ ဥပမာများ

| ဥပဒေဆိုင်ရာပြဿနာအမျိုးအစား | ရှေ့နေအမှုလိုက်ပေးသင့်သည့် နိုင်ငံ | လိုအပ်သော ဥပဒေဆိုင်ရာ ကျွမ်းကျင်မှု |
|---|---|---|
| လူစုဆောင်းခြင်း သို့မဟုတ် တာဝန်ယူဆောင်ရွက်ပေးသည့် ကိုယ်စားလှယ်နှင့်ပတ်သက်၍ နစ်နာကြေးတောင်းဆိုချက် | လူစုဆောင်းခြင်း သို့မဟုတ် တာဝန်ယူဆောင်ရွက်ပေးသည့် ကိုယ်စားလှယ် တည်ရှိရာ နိုင်ငံ။ | ရေကြောင်းရှေ့နေ (သင်္ဘောသားများ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူ) |
| အလုပ်ခန့်အပ်သည့် စာချုပ်အောက်တွင် ရှင်းပေးထားခြင်းမရှိသော လုပ်အားခများအတွက် တောင်းဆိုချက်များနှင့် အခြားငွေကြေးဆိုင်ရာ နစ်နာကြေးတောင်းဆိုချက်များ ဥပမာအားဖြင့် မိမိတိုင်းပြည်သို့ ပြန်ပို့ခြင်း၊ စွန့်ပစ်ထားခဲ့ခြင်း၊ အချိန်ပိုကြေးမရှင်းပေးခြင်း၊ အလုပ်ခန့်အပ်သည့် စာချုပ်အား မလျော်ကန်စွာဖြင့် ဖျက်သိမ်းခြင်း | သင်္ဘောတည်ရှိရာ ဆိပ်ကမ်းနှင့်/သို့မဟုတ် အလုပ်ခန့်အပ်သည့် ကုမ္ပဏီမှ ၎င်း၏ မှတ်ပုံတင်ထားသည့် ရုံးများ တည်ရှိရာ သို့မဟုတ် လုပ်ငန်းအမှန်တကယ် လုပ်ဆောင်သည့် နိုင်ငံ | ရေကြောင်းရှေ့နေ (သင်္ဘောသားများ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူ) |
| သင်၏ ပိုင်ဆိုင်မှုပစ္စည်း ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းများအတွက် လုပ်ငန်းရှင်သို့ နစ်နာကြေးတောင်းဆိုချက် | သင်္ဘောတည်ရှိရာ ဆိပ်ကမ်းနှင့်/သို့မဟုတ် အလုပ်ခန့်အပ်သည့် ကုမ္ပဏီမှ ၎င်း၏ မှတ်ပုံတင်ထားသည့် ရုံးများ တည်ရှိရာ သို့မဟုတ် လုပ်ငန်းအမှန်တကယ် လုပ်ဆောင်သည့် နိုင်ငံ | ရေကြောင်းရှေ့နေ (သင်္ဘောသားများ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူ) |
| အလုပ်လုပ်ကိုင်စဉ် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရခြင်း /သေဆုံးခြင်းအတွက် နစ်နာကြေးတောင်းဆိုချက် | ထိခိုက်ဒဏ်ရာရမှု/သေဆုံးခြင်းဖြစ်ပွားရာ နေရာနှင့်/သို့မဟုတ် သင်္ဘောဖြင့် သွားရောက်ခဲ့သည့် ဆိပ်ကမ်းများအနက်မှတစ်ခုနှင့်/သို့မဟုတ် အလုပ်ခန့်အပ်သည့် ကုမ္ပဏီမှ ၎င်း၏ မှတ်ပုံတင်ထားသည့် ရုံးများ တည်ရှိရာ သို့မဟုတ် လုပ်ငန်းအမှန်တကယ် လုပ်ဆောင်သည့် နိုင်ငံ | ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုဆိုင်ရာ ရှေ့နေ |
| ပင်လယ်တွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် မတော်တဆဖြစ်ပွားမှု | ပင်လယ်တွင်း အသေအပျောက်ဖြစ်ပွားမှု သို့မဟုတ် အကြောင်းထူးဖြစ်ပွားသည့် နေရာနှင့်/သို့မဟုတ် ပင်လယ်တွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် မတော်တဆဖြစ်ပွားပြီးနောက် သင်္ဘောကျောက်ချထားသည့် ပထမဆုံးဆိပ်ကမ်း | ရေကြောင်းရှေ့နေ (သင်္ဘောသားများ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူ) |
| ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း/တရားစွဲဆိုခြင်း | ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း/တရားစွဲဆိုခြင်း ပြုလုပ်သည့် နိုင်ငံ | ရာဇဝတ်မှုဆိုင်ရာရှေ့နေ |
| ပစ္စည်းများပျက်စီးဆုံးရှုံးမှုဆိုင်ရာ ဝန်ဆောင်မှုအတွက် နစ်နာကြေးတောင်းဆိုချက် | သင်္ဘော၊ ကုန်ပစ္စည်း သို့မဟုတ် ကုန်စည်များ တည်ရှိရာ နိုင်ငံနှင့်/သို့မဟုတ် သင်္ဘောနှင့် ကုန်ပစ္စည်းပိုင်ရှင်များက ၎င်းတို့၏ မှတ်ပုံတင်ထားသည့် ရုံးများ တည်ရှိရာ သို့မဟုတ် လုပ်ငန်းအမှန်တကယ် လုပ်ဆောင်သည့် နိုင်ငံ | ရေကြောင်းရှေ့နေ (သင်္ဘောသားများ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူ) |
| သင်္ဘောသားတစ်ဦးအား အခြားသူတစ်ဦးမှ တရားမမှုဆိုင်ရာ နစ်နာကြေးတောင်းဆိုချက်များ | သင်္ဘောသားတစ်ဦးအား အခြားသူတစ်ဦးမှ နစ်နာကြေးတောင်းဆိုမှုပြုလုပ်သည့် နိုင်ငံ | တရားမမှုဆိုင်ရာ ဥပဒေတောင်းဆိုချက်များတွင် ကျွမ်းကျင်သူရှေ့နေ |

**ရှေ့နေတစ်ဦးအားမည်သို့ရှာဖွေမည်နည်း**

**ရှေ့နေသည် –**

- သင့်မှာရှိသောဥပဒေဆိုင်ရာပြဿနာကဲ့သို့သော ပြဿနာ အမျိုးအစားနှင့် ပတ်သက်၍ အတွေ့အကြုံရှိရမည်။ ဥပမာ၊ ပင်လယ်ရေကြောင်းသွားလာမှုနှင့် စပ်ဆိုင်သည့် ဥပဒေမှာ အထူးပြုလေ့လာထားသည့် နယ်ပယ်ဖြစ်ရမည်။ ပင်လယ်ကမ်းခြေ နယ်နိမိတ်ရှိသော နိုင်ငံများအားလုံးတွင် အတိအကျသတ်မှတ်ထားသော ပင်လယ်ရေကြောင်းသွားလာမှုနှင့် စပ်ဆိုင်သည့် ဥပဒေများရှိပါလိမ့်မည်။ တစ်ခါတစ်ရံတွင် ပင်လယ်ရေကြောင်းသွားလာမှုနှင့် စပ်ဆိုင်သည့် တရားရုံးတော်များလည်းရှိပါသည်။ ရှေ့နေအားလုံးမှာ ပင်လယ်ရေကြောင်းသွားလာမှုနှင့် စပ်ဆိုင်သည့်ဥပဒေများနှင့် အကျွမ်းတဝင် ရှိနိုင်လိမ့်မည် မဟုတ်ပါ။

- အကယ်၍ ထိုရှေ့နေများသည် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ သို့မဟုတ် ယေဘုယျအားဖြင့် သင်္ဘောပိုင်ရှင်များ သို့မဟုတ် အခြား ပင်လယ်ရေကြောင်းသွားလာမှုနှင့် စပ်ဆိုင်သည့် အကျိုးကိစ္စများတွင် ဆောင်ရွက်ပေးနေပါက၊ ထိုသူများသည် သင့်အတွက်မဟုတ်ပါ။ ယင်းက ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်သောကြောင့် ရှေ့နေများသည် သင့်အားလွတ်လပ်စွာ အကြံပေးခြင်းမပြုနိုင်ကြပါ။

သင်္ဘောသားများသည် ရှေ့နေများကို အောက်ပါရင်းမြစ်များမှ ရှာဖွေနိုင်ပါသည် –

- သင်္ဘောသားများ၏အပြည်ပြည်ဆိုင်ရာ အခွင့်အရေးများ (SRI) ဝက်ဘ်ဆိုဒ်ပေါ်တွင် ဖော်ပြထားသောစာရင်း။ ဝက်ဘ်ဆိုဒ်လိပ်စာမှာ www.seafarersrights.org ဖြစ်ပါသည်။ ထိုနေရာတွင် သင်္ဘောသားများအား ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း( Provision of Legal Services) အတွက် အလေ့အကျင့်ကောင်းများဆိုင်ရာ ပဋိညာဉ်စာတမ်း (Charter of Good Practice)သို့ အသင်းဝင်ထားသော ရှေ့နေများ/အကျိုးဆောင်ကုမ္ပဏီများကို စာရင်းပြုစုထားသည်။

- အပြည်ပြည်နိုင်ရာ လမ်းညွှန်များနှင့် လမ်းညွှန်စာအုပ်များတွင် စာရင်းပြုစုကာ နှုန်းများနှင့်တကွ ဖော်ပြထားသော အထူးပြုရှေ့နေများ။ နမူနာ ဝက်ဘ်ဆိုဒ်များမှာ www.legal500.com နှင့် www.chambersandpartners.com (ဝက်ဘ်ဆိုဒ်များမှာ အင်္ဂလိပ်ဘာသာနှင့်ဖြစ်သည်)တို့ဖြစ်ပါသည်။

- အချို့သော တိုင်းပြည်များရှိ အသင်းသားများရှိသည့် အဖွဲ့များနှင့် အာဏာပိုင် အဖွဲ့များတွင် စာရင်းပြုစုထားသော ဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ။ သို့သော် ထိုဝက်ဘ်ဆိုဒ်များမှာ ယေဘုယျအားဖြင့် နိုင်ငံခြား ဘာသာစကားတစ်ခုဖြင့် ရှိတတ်သည်။

- မိတ်ဆွေသူငယ်ချင်းများ သို့မဟုတ် မိသားစုဝင်များထံမှ ထောက်ခံချက်များ

- ဒေသခံအလုပ်သမား သမဂ္ဂများ သို့မဟုတ် သက်သာချောင်ချိရေး အဖွဲ့များထံမှ ထောက်ခံချက်များ

- ဒေသခံကောင်စစ်ဝန်ရုံးထံမှ ထောက်ခံချက်များ

**ရှေ့နေတစ်ဦးငှားရမ်းခြင်း**

ဥပဒေဆိုင်ရာပြဿနာတစ်ခု သင့်မှာရှိပါက၊ ဖြစ်နိုင်သမျှအစောဆုံး ရှေ့နေတစ်ဦးကို ခန့်အပ်ထားသင့်သည်။ ဥပဒေကြောင်းအရာ အရေးယူမှုအများစုမှာ သတ်မှတ်ထားသည့် အချိန်အတိုင်းအတာတစ်ခုအတွင်း တရားစွဲဆိုရမည် သို့မဟုတ် ခုခံကာကွယ်ရမည် ဖြစ်သောကြောင့်ဖြစ်ပါသည်။

သင့်အတွက် တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးရန် ရှေ့နေတစ်ဦးက သဘောတူလိုက်သည်နှင့် တပြိုင်နက်၊ ထိုရှေ့နေသည် အောက်ပါအချက်များကို သင့်အားရှင်းပြသင့်ပါသည် –

- သင့်ပြဿနာကို ဖြေရှင်းပေးနိုင်သည့် အခြားရွေးချယ်စရာများ
- သင်လိုချင်သောရလဒ်ထွက်နိုင်မည့် အလားအလာများ
- အမှုကြာမြင့်နိုင်သည့်အချိန်ကာလ
- အလုပ်ပြီးမြောက်ရန် ကုန်ကျနိုင်ဖွယ်ရာရှိသည့် ခန့်မှန်းချေကုန်ကျစရိတ်
- ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏အထောက်အပံ့ ရနိုင်မရနိုင်
- အကယ်၍သင်အမှုရှုံးပါက သင်ပေးရမည့်စရိတ်များ
- အခြားတစ်ဖက်၏ ဥပဒေကြောင်းဆိုင်ရာ ကုန်ကျစရိတ်များအတွက် အာမခံစရိတ်များ သင်ပေးရန်ရှိမရှိ
- ရှေ့နေ၏ဝန်ဆောင်မှုများနှင့် ပတ်သက်၍သင်မကျေနပ်ပါက သင်ဘာလုပ်သင့်သနည်း။

ယေဘုယျအားဖြင့် ဥပဒေရေးရာပြဿနာအား ဖြေရှင်းဆောင်ရွက်နေစဉ်အတွင်း၊ တိုးတက်မှုအဆင့်ဆင့်ကို ရှေ့နေက သင့်အား ပုံမှန်အကြောင်းကြားသင့်ပြီး၊ ပညာရှင်ပီသသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။

**ရှေ့နေအားဝန်ဆောင်ခပေးခြင်း**

လုပ်ဆောင်နေကျ ဝန်ဆောင်ခပေးသည့် အစီအစဉ်များကို အောက်တွင်ဖော်ပြထားပါသည်။ သို့သော်လည်း ဤအစီအစဉ်များအား နိုင်ငံတိုင်းတွင် မရရှိနိုင်ပါ။

- အရေးပေါ်ဝန်ဆောင်ခများ(Contingency Fee)ဆိုသည်မှာ သင့်အတွက်မျက်နှာသာပေးသည့် ရလဒ်ထွက်လာသောအခါမှ ဝန်ဆောင်ခကို ပေးရန်လိုသော "မနိုင်လျှင်မပေးနှင့်" ဝန်ဆောင်ခကို ရည်ညွှန်းပါသည်။ အရေးပေါ်ဝန်ဆောင်ခများကို သင့်အားပေးသော လျော်ကြေး၏ ရာခိုင်နှုန်းတစ်ခုအဖြစ် တွက်ပါသည်။ အချို့နိုင်ငံများတွင် အရေးပေါ်ဝန်ဆောင်ခ အခြေခံစနစ်ဖြင့် ဝန်ဆောင်ခယူရန် ရှေ့နေများအား ခွင့်ပြုမထားပါ။ သို့သော်လည်း အရေးပေါ်ဝန်ဆောင်ခနှင့် အလားသဏ္ဍာန်တူသည့် အခြေအနေပေါ်မူတည်သည့် ဝန်ဆောင်ခ (conditional fee)ကိုမူ ၎င်းတို့ တောင်းခံနိုင်ပါသည်။

- ပုံသေ သို့မဟုတ် အတိအကျသတ်မှတ်ထားသည့် ဝန်ဆောင်ခ (Flat or Fixed Fee)ဆိုသည်မှာ ရှေ့နေသည် လျော်ကြေးတန်ဖိုး၏ ရာခိုင်နှုန်းတစ်ခုဖြစ်သော အတိအကျ သတ်မှတ်ထားသည့် စုစုပေါင်း ဝန်ဆောင်ခကို တောင်းခံသောအခါဖြစ်ပါသည်။ လျော်ကြေးမှာ အတော်ပင်ရိုးစင်းပါက သို့မဟုတ် လုပ်ရိုးလုပ်စဉ်အရ ဤကဲ့သို့ ယေဘုယျအားဖြင့် တောင်းခံတတ်ကြပါသည်။ သို့သော် မည်သည့် ဝန်ဆောင်မှုများနှင့် ကုန်ကျစရိတ်များ ပါဝင်မည်ဖြစ်ကြောင်း၊ မည်သည်တို့ မပါဝင်ကြောင်း အတိအကျမေးရန် အရေးကြီးဆဲဖြစ်ပါသည်။

- နာရီအလိုက် ဝန်ဆောင်ခ (Hourly charges)ဆိုသည်မှာ ရှေ့နေသည် သင့်လျော်ကြေး ရရှိမှုအပေါ်တွင် အလုပ်လုပ်သော အချိန်နာရီများအလိုက် တောင်းခံသောဝန်ဆောင်ခ ဖြစ်ပါသည်။ နာရီအလိုက်နှုန်းထားများမှာ တည်နေရာ၊ ရှေ့နေ၏ အတွေ့အကြုံ၊ အမည်ကျော်ကြားမှုတို့ကဲ့သို့ အကြောင်းရင်းအမျိုးမျိုး ပေါ်တွင် သိသိသာသာ မူတည်နေပါသည်။ အချို့ရှေ့နေများမှာ အလုပ်အမျိုးမျိုး (ဥပဒေဆိုင်ရာ သုတေသနနှင့် တရားရုံးတွင် ကိုယ်စားပြုရခြင်း) အတွက် ဝန်ဆောင်ခအမျိုးမျိုး သတ်မှတ်တောင်းခံတတ်ပါသည်။

- အကျိုးဆောင်ခအဖြစ် ပုံမှန်ပေးငွေ(Retainer Fee)ဆိုသည်မှာ နောင်ကျသင့်မည့် ကုန်ကျစရိတ်များအတွက် ကျသင့်ငွေတောင်းခံလာသည့်အခါ ထိုစရိတ်များနှင့်ယှဉ်ကာ ကြိုတင်ပေးငွေအဖြစ် သတ်မှတ်ထားသည့် အခကြေးငွေတစ်ခုကို ရှေ့နေအား သင်ပေးသည့်အခါတွင် ဖြစ်ပါသည်။ အကျိုးဆောင်ခအဖြစ် ပုံမှန်ပေးငွေမှာ ပုံမှန်အားဖြင့် ပြန်အမ်းလေ့မရှိပါ။ အကယ်၍ ဝန်ဆောင်ခသည် ထိုအကျိုးဆောင်ခထက် ပိုသွားပါက ထိုပိုသွားသည့်အခကိုလည်း သင်ပေးရပါမည်။ အမှုအတွက် တရားရုံးအထိတက်ရမည်ဆိုပါက အကျိုးဆောင်ခအပြင် အပိုဝန်ဆောင်ခများကို မကြာခဏပင် ပေးရလေ့ရှိပါသည်။

- ဥပဒေအရပြဋ္ဌာန်းထားသည် ဝန်ဆောင်ခ(Statutory Fee)ဆိုသည်မှာ နိုင်ငံတစ်ခုသည် ပြဋ္ဌာန်းထားသည့် ဥပဒေအရ ဝန်ဆောင်ခတစ်ခုကို သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ သို့မဟုတ် သဘော်သားက ပေးရမည့် ဝန်ဆောင်ခကို တရားရုံးတစ်ခုက သတ်မှတ်နိုင်ပြီး အတည်ပြုနိုင်ပါသည်။

**အခမဲ့ဥပဒေဆိုင်ရာ အကြံဉာဏ်များရယူခြင်း**

အခမဲ့ဥပဒေဆိုင်ရာ အကြံဉာဏ်များ ရယူခြင်းအတွက် ရွေးချယ်စရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏အထောက်အပံ့**။
ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏အထောက်အပံ့ ဆိုသည်မှာ အကျိုးဆောင်ခအတွက် မတတ်နိုင်သောသူများ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် သေချာစေသည့် စနစ်တစ်ခုဖြစ်ပါသည်။ သို့သော် ထိုအထောက်အပံ့ကို နိုင်ငံတိုင်းတွင် မရရှိနိုင်ပါ။ ဥပဒေဆိုင်ရာ အမှုပြဿနာတိုင်းအတွက်လည်း မရရှိနိုင်ပါ။ ယေဘုယျအားဖြင့် ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏ အထောက်အပံ့မှာ အရပ်သားများနှင့်ဆိုင်သော ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏ အထောက်အပံ့နှင့် ပြစ်မှုဆိုင်ရာ ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏အထောက်အပံ့ဟူ၍ နှစ်မျိုးရှိပါသည်။

**အရပ်သားများနှင့်ဆိုင်သော ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏အထောက်အပံ့** – အချို့နိုင်ငံများတွင် အရပ်သားများ၏ နစ်နာကြေးတောင်းဆိုမှုများအတွက် အစိုးရမှ ဥပဒေဆိုင်ရာ အထောက်အပံ့ ပေးသော်လည်း ထိုနိုင်ငံ၏ နိုင်ငံသားများ သို့မဟုတ် ထိုနိုင်ငံတွင်နေထိုင်ခွင့်သူများအတွက်သာ ယေဘုယျအားဖြင့် ဖြစ်တတ်ပါသည်။

**ပြစ်မှုဆိုင်ရာ ဥပဒေအကျိုးဆောင်မှုအတွက် အစိုးရ၏အထောက်အပံ့** – အချို့နိုင်ငံများတွင် ပြစ်မှုကျူးလွန်မှုအားလုံးအတွက် အစိုးရက ဥပဒေအကျိုးဆောင်မှုဆိုင်ရာ အထောက်အပံ့များပေးပါသည်။ အခြားသောနိုင်ငံများတွင်မူ လူသတ်မှုကဲ့သို့ ပြစ်မှုကြီးများအတွက်သာ ထောက်ပံ့ပေးပါသည်။

**ဥပဒေအကျိုးဆောင်မှု အထောက်အပံ့များပေးသည့် အလုပ်ရုံများ** – နိုင်ငံအမြောက်အများတွင်၊ အစိုးရက ဥပဒေအကျိုးဆောင်မှု အထောက်အပံ့များပေးသည့် အလုပ်ရုံများကို ငွေကြေးထောက်ပံ့ပါသည်။ ယေဘုယျအားဖြင့် ထိုအလုပ်ရုံများသည် ဆင်းရဲသားများ၊ မရှိနွမ်းပါးသူများအတွက် အမှုများကိုသာ လိုက်ပေးပါသည်။ ထောက်ပံ့ကြေးငွေ အကန့်အသတ်ရှိသောကြောင့် အချို့သော အမှုအမျိုးအစားများ အတွက် အမှုလိုက်မပေးနိုင်ကြပါ။

## "'Pro bono ဥပဒေဆိုင်ရာဝန်ဆောင်မှုများ'"
'ပရိုဘိုနို' ဆိုသည်မှာ စေတနာ့ဝန်ထမ်းဖြစ်သော သို့မဟုတ် အခကြေးငွေမယူသော သို့မဟုတ် လျှော့ပေးထားသော ဝန်ဆောင်ခဖြင့် အများပြည်သူအတွက် ဝန်ဆောင်မှုတစ်ခုအဖြစ် ဆောင်ရွက်ပေးသည့် ကျွမ်းကျင်အတတ်ပညာဆိုင်ရာအလုပ်အတွက် လက်တင်စကားစု ဖြစ်ပါသည်။ ပုဂ္ဂလိကအကျိုးဆောင်ကုမ္ပဏီများတွင် အလုပ်လုပ်ကြသော ရှေ့နေများသည် ၎င်းတို့အချိန်များထဲမှ တစ်စိတ်တစ်ပိုင်းအား ပရိုဘိုနို အမှုများလိုက်ရန်အတွက် မကြာခဏဆိုသလို ဖယ်ထားလေ့ရှိကြပါသည်။ ထို့ကြောင့် ရှေ့နေသည် ပရိုဘိုနို ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများပေးကြောင်းရှိမရှိနှင့်၊ အကယ်၍ ပေးသည်ဆိုပါက ထိုဝန်ဆောင်မှုကို သင်ရရှိနိုင်ဖို့ အရည်အချင်းပြည့်မီခြင်းရှိမရှိ စုံစမ်းသင့်ပါသည်။

**အစိုးရမဟုတ်သော အဖွဲ့အစည်းများ။**
သင်္ဘောသားများကဲ့သို့ အလုပ်သမားအုပ်စုများကို ကိုယ်စားပြု ဆောင်ရွက်ပေးသည့် အချို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)သည် အခမဲ့ဥပဒေကြောင်းအရ ဝန်ဆောင်မှုများ ပေးကောင်းပေးနိုင်ပါသည်။ အခမဲ့ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ပေးသည်ကို သိရှိရန် ဒေသခံ အလုပ်သမားသမဂ္ဂ သို့မဟုတ် သင်္ဘောသားစင်တာတစ်ခုသို့ သင်ဆက်သွယ်နိုင်ပါသည်။

**အကူအညီပေးရေး တယ်လီဖုန်းလိုင်းများ။**
သင်္ဘောသားများအတွက် အကူအညီပေးသည့် တယ်လီဖုန်းလိုင်းများ ရရှိနိုင်ပါသည်။ သို့သော်လည်း ယင်းတို့သည် ကနဦးအကြံဉာဏ်များကိုသာ ပေးနိုင်ပြီး အချို့သော အကြံဉာဏ်များအတွက် ရှေ့နေတစ်ဦးနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပါလိမ့်မည်။

**ရှေ့နေကြောင့်အခြေအနေများ မှားယွင်းသွားပါလျှင်**

နိုင်ငံအများစုတွင် ရှေ့နေများသည် ရှေ့နေအသင်းတစ်ခုခု၏ အသင်းဝင်ဖြစ်ရန်လိုအပ်ပြီး ရှေ့နေများအတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရပါမည်။ ထို့ကြောင့် သင့်ဥပဒေဆိုင်ရာ ပြဿနာအား ကိုင်တွယ်ဖြေရှင်းပုံ နည်းလမ်းကို သင်မကျေနပ်ပါက (ဥပမာ၊ နှောင့်နှေး ကြန့်ကြာမှုများရှိပါလျှင်) ရှေ့နေ/ဥပဒေကုမ္ပဏီ သို့မဟုတ် ရှေ့နေ၏ သက်မွေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ သင့်မကျေနပ်ချက်ကို တိုင်ကြားနိုင်ပါသည်။ အကယ်၍ ရှေ့နေသည် ပေါ့ပေါ့ဆဆကိုင်တွယ်ပါက၊ ထိုရှေ့နေအား တရားဥပဒေအရ အရေးယူနိုင်ပါသည်။

မှတ်ရန် – မည်သည့်အဆင့်တွင်မဆို ရှေ့နေအား သင်ပြောင်းပစ်နိုင်ပါသည်။ သို့သော် ရှေ့နေအသစ်သည် သင့်အမှုကိုကောင်းစွာ သိကျွမ်းလာရန် လိုအပ်လိမ့်မည်ဖြစ်သောကြောင့် ယင်းသို့ပြောင်းခြင်းမှာ ကုန်ကျစရိတ် များနိုင်ပါသည်။ ထို့အပြင် သင်ရှေ့နေကိုပြောင်းလိုက်ပါက၊ အမှုတွဲအတွက် ပြီးစီးရန်သတ်မှတ် ထားသော နောက်ဆုံးအချိန်များအား လွဲမသွားစေရန် ဂရုစိုက်ဖို့ အရေးကြီးပါသည်။

SEAFARERS' RIGHTS

international centre for advancing the legal protection of seafarers

SEAFARER FACT FILE

**ရှေ့နေများအသုံးပြုခြင်းနှင့်ပတ်သက်၍ စစ်ဆေးကြည့်ရှုရန် စာရင်းများ**

- ✓ သင်ရှေ့နေ လိုအပ်သည့် နိုင်ငံ
- ✓ သင်၏ ဥပဒေဆိုင်ရာ ပြဿနာအမျိုးအစားများတွင် အတွေ့အကြုံရင့်ကျက်သည့် ရှေ့နေအား ရှာပါ
- ✓ ယင်းရှေ့နေတွင် ပဋိပက္ခတစ်စုံတစ်ရာ မရှိဘဲ သင့်အား လွတ်လပ်စွာဖြင့် ဥပဒေအကြံဉာဏ်ပေးအပ်နိုင်ကြောင်းကို စစ်ဆေးပါ
- ✓ သင်သည် အခမဲ့ဥပဒေအကြံပြုချက် ရရှိနိုင်ခြင်း ရှိမရှိ စုံစမ်းပါ
- ✓ သင်လက်ခံနိုင်သည့် အတိုင်ပင်ခံကြေးအား ညှိနှိုင်းဆွေးနွေးပါ
- ✓ သင့်အမှုနှင့်ပတ်သက်သည့် တိုးတက်မှုအခြေအနေကို သင့်ထံသို့ ပုံမှန်သတင်းပေးပို့ရန် ပြောကြားပါ
- ✓ ရှေ့နေဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သင့်တွင် အလိုမကျမှုများရှိပါက သင်၏ရှေ့နေအား အမြဲပင် ပြောင်းလဲနိုင်ကြောင်း သို့မဟုတ် မကျေနပ်ချက်အား တိုင်ကြားနိုင်ကြောင်း သတိရပါ

သင်္ဘောသားများအား ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းအတွက် အလေ့အကျင့်ကောင်းများဆိုင်ရာ ပဋိညာဉ်စာတမ်းသို့ အသင်းဝင်ထားသော ရှေ့နေများစာရင်းအတွက် www.seafarersrights.org သို့ သွားရောက်ပါ

**သင်္ဘောသားများ၏ အပြည်ပြည်ဆိုင်ရာ အခွင့်အရေးများ (SRI)**
49-60 Borough Road, London SE1 1DR, United Kingdom
ဖုန်း – +44 (0)207 940 9320/9332 / အီးမေးလ် legal@seafarersrights.org

*၂၀၁၃ ခုနှစ် ဇွန်လ*

သင်္ဘောသားများ၏ အပြည်ပြည်ဆိုင်ရာ အခွင့်အရေးများ (SRI) ဆိုင်ရာ အဖွဲ့အစည်းဆိုသည်မှာ သင်္ဘောသားများနှင့် ဥပဒေများနှင့်ပတ်သက်၍ သုတေသနပြုလုပ်ခြင်း၊ ပညာပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းများဖြင့် သင်္ဘောသားများ၏ အခွင့်အရေးများကို တိုးမြှင့်လုပ်ဆောင်ရန် ရည်စူးထားသည့် လွတ်လပ်သည့် စင်တာတစ်ခု ဖြစ်ပါသည်။